(ဆ) ပြည်ပမှ အကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စရပ်များအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ထားရန်နှင့် စုဖွဲ့လေ့ကျင့်ထားရန်၊

(ဇ) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသောဒေသများအပါအဝင် ကမ္ဘာတစ်ဝန်း နိုင်ငံများ၏ သဘာဝဘေးဖြစ်ပွားမှုများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ နှစ်ဖက်ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့် ပါဝင်ကူညီခြင်းတို့အတွက် စနစ်တကျဖွဲ့စည်းလေ့ကျင့်ပြင်ဆင်ထားရန်၊

(ဈ) ဘေးအမျိုးအစားအလိုက် နေရာဒေသအလိုက် လိုအပ်သောရှာဖွေကယ်ဆယ်ရေးနည်းပညာများ၊ ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများရရှိစုဆောင်းထားနိုင်ရေးအတွက် ပြည်တွင်း ပြည်ပအတွေ့အကြုံများ၊ ပညာရှင်များ၏ အကြံဉာဏ်များကိုရယူကာ နှစ်စဉ်စီမံကိန်းများတွင် ထည့်သွင်းတောင်းခံခြင်း၊ တီထွင်ထုတ်လုပ်ခြင်း၊ စမ်းသပ်အသုံးပြုခြင်းတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးနည်းပညာနှင့် ကျွမ်းကျင်မှုမြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဌ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးကြည်၊ အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ
## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

### မွေးမြူရေးမြေဖော်ထုတ်ခြင်းဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (တ) နှင့် ပုဒ်မ ၅၅၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်ကောင်စီအသီးသီးတွင် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းလိုက်သည်–

(က) **မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ**

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီး ၁ ဦး သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် အဖွဲ့ဝင် ၁ ဦး　　ဥက္ကဋ္ဌ

| | | |
|---|---|---|
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီအင်ဂျင်နီယာ<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီအမှုဆောင်အရာရှိ<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၃) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီ<br>မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |

(၁၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သူ — တွဲဖက်အတွင်းရေးမှူး

**( ခ ) အကြီးစားနှင့် အလတ်စား မွေးမြူရေးမြေ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် စက်မှုလယ်ယာဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၉) ဥက္ကဋ္ဌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် — အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အတွင်းရေးမှူး

(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — တွဲဖက်အတွင်းရေးမှူး

(ဂ) **အသေးစား မွေးမြူရေးမြေ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးဌာနမှူး<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးဌာနမှူး<br>စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မြို့နယ်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | မြို့နယ်ဦးစီးဌာနမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | မြို့နယ်အင်ဂျင်နီယာ<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၉) | ဥက္ကဋ္ဌ<br>မြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၁) | မြို့နယ်ဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဃ) **အကြီးစားနှင့် အလတ်စား မွေးမြူရေးမြေအတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်<br>နေပြည်တော်ကောင်စီဦးစီးဌာနမှူး<br>စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီဦးစီးဌာနမှူး သစ်တောဦးစီးဌာန — အဖွဲ့ဝင်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီဦးစီးဌာနမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အဖွဲ့ဝင်

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီအင်ဂျင်နီယာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း — အဖွဲ့ဝင်

(၈) ဥက္ကဋ္ဌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် — အဖွဲ့ဝင်

(၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီဦးစီးဌာနမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန — အတွင်းရေးမှူး

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး (၁)

(၁၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး (၂)

**( င ) အသေးစား မွေးမြူရေးမြေအတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုလုပ်ငန်းကော်မတီ**

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး စက်မှုလယ်ယာဦးစီးဌာန — အဖွဲ့ဝင်

(၅) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး သစ်တောဦးစီးဌာန — အဖွဲ့ဝင်

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖွဲ့ဝင်
သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၇) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖွဲ့ဝင်
သို့မဟုတ် ခရိုင်အင်ဂျင်နီယာ
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(၈) ဥက္ကဋ္ဌ အဖွဲ့ဝင်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
သို့မဟုတ် ခရိုင်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(၉) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရေးမှူး
သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(၁၀) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တွဲဖက်အတွင်းရေးမှူး (၁)
သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(၁၁) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး တွဲဖက်အတွင်းရေးမှူး (၂)
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

၂။ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) မွေးမြူရေးမြေအမျိုးအစား ရွေးချယ်သတ်မှတ်နိုင်ရန် မွေးမြူရေးမြေအဖြစ် သတ်မှတ်မည့် မြေဧရိယာသည် အောက်ပါအချက်များနှင့် ပြည့်စုံခြင်း ရှိ မရှိ လေ့လာဆန်းစစ်ခြင်း-

(ကက) တစ်ဆက်တစ်စပ်တည်းဖြစ်ခြင်း၊

(ခခ) တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကူးစက်ရောဂါဖြစ်ပွားပါက ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလွယ်တကူသွားရောက်နိုင်သော နယ်မြေဖြစ်ခြင်း၊

(ဂဂ) သန့်ရှင်းသော ရေအရင်းအမြစ် (ရေတွင်း၊ ရေတင်စနစ်၊ ရေစုကန်စနစ်၊ ဆည်စနစ် စသည်) ရရှိနိုင်သော မြေနေရာဖြစ်ခြင်း၊

(ဃဃ) ခိုင်မာသော လျှပ်စစ်ဓာတ်အားစနစ် (အမျိုးသား မဟာဓာတ်အားလိုင်း၊ နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ်၊ ရေအားလျှပ်စစ် စသည်) ရရှိနိုင်သော နေရာဖြစ်ခြင်း၊

(ငင) လူနေအိမ်ခြေများနှင့် အနည်းဆုံး ၃ ကီလိုမီတာ ကွာဝေးခြင်း၊

(စစ) အကြီးစား မွေးမြူရေးမြေအတွက် မြေဧရိယာ ၁၀၀၁ ဧကနှင့် အထက်ရှိခြင်း၊

(ဆဆ) အလတ်စား မွေးမြူရေးမြေအတွက် မြေဧရိယာ ၅၀၁ ဧကမှ ဧက ၁၀၀၀ အတွင်းရှိခြင်း၊

(ဇဇ) အသေးစား မွေးမြူရေးမြေအတွက် မြေဧရိယာ ၁ ဧကမှ ဧက ၅၀၀ အတွင်းရှိခြင်း။

(၂) သက်ဆိုင်ရာ ဥပဒေများနှင့်အညီ မွေးမြူရေးမြေနေရာ ရရှိရေးအတွက် လေ့လာဆန်းစစ်ချက်များနှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီထံ တင်ပြအတည်ပြုချက်တောင်းခံခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(၃) ရေအရင်းအမြစ်နှင့် လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(၄) မွေးမြူရေးမြေအကွက်ချ ပုံစံရေးဆွဲစေခြင်း၊

(၅) မွေးမြူရေးမြေအဖြစ် စနစ်တကျ လုပ်ကိုင်နိုင်စေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၆) မွေးမြူရေးမြေပေါ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်လျက်ရှိသော မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးကြည့်ရှု၍ လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း၊

(၇) မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုထားသော မွေးမြူရေးမြေနှင့်စပ်လျဉ်း၍ ထူးခြားသောကိစ္စရပ်များရှိပါက လုပ်ကိုင်ဆောင်ရွက်သူများ သိရှိစေရန် စာဖြင့် အသိပေးကြေညာခြင်း။

( ခ ) အကြီးစားနှင့် အလတ်စား မွေးမြူရေးမြေ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) မွေးမြူရေးမြေ ဖော်ထုတ်ရန် မြေဧရိယာ၊ မွေးမြူရေးမြေ အကွက်ချပုံစံသည့် အချက်အလက်များပါဝင်သည့် မွေးမြူရေးမြေဖော်ထုတ်ရေး စီမံချက်ရေးဆွဲ၍ မွေးမြူရေးမြေများ ဖော်ထုတ်ရေး လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(၂) မွေးမြူရေးမြေ နယ်နိမိတ်သတ်မှတ်နိုင်ရေး တိုင်းတာခြင်းနှင့် နယ်နိမိတ်မြေပုံများ ရေးဆွဲခြင်း၊

(၃) ရေအရင်းအမြစ်၊ လျှပ်စစ်မီး၊ လမ်းဖောက်လုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း စသည့် နည်းပညာဆိုင်ရာ လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ခွဲဝေဆောင်ရွက်ခြင်း၊

(၄) မွေးမြူရေးမြေအတွင်း စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း၊ မြက်ချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်အစာ စက်ရုံများ၊ စွန့်ထုတ်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏ အဆိုပြုလွှာများအား လက်ခံခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေး လုပ်ငန်းကော်မတီသို့ စိစစ်တင်ပြခြင်း၊

(၅) မွေးမြူရေးမြေအတွင်း မွေးမြူရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများအား မွေးမြူသူနှင့် ရင်းနှီးမြှုပ်နှံသူများမှ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီမံပေးခြင်း၊

(၆) တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူရမည့်နေရာများ ခွဲခြားသတ်မှတ်ပေးခြင်း၊

(၇) မွေးမြူရေးမြေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရေးအတွက် စီမံကွပ်ကဲရေး အဆောက်အအုံ ဆောက်လုပ်ရန် မြေနေရာသတ်မှတ်ပေးခြင်း၊

(၈) မွေးမြူရေးမြေ လုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း။

( ဂ ) အသေးစား မွေးမြူရေးမြေ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) မွေးမြူရေးမြေ ဖော်ထုတ်ရန် မြေဧရိယာ၊ မွေးမြူရေးမြေ အကွက်ချပုံစံ စသည့် အချက်အလက်များပါဝင်သည့် မွေးမြူရေးမြေဖော်ထုတ်ရေး စီမံချက်ရေးဆွဲ၍ မွေးမြူရေးမြေများ ဖော်ထုတ်ရေး လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(၂) မွေးမြူရေးမြေ နယ်နိမိတ်သတ်မှတ်နိုင်ရေး တိုင်းတာခြင်းနှင့် နယ်နိမိတ်မြေပုံများ ရေးဆွဲခြင်း၊

(၃) ရေအရင်းအမြစ်၊ လျှပ်စစ်မီး၊ လမ်းဖောက်လုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းစသည့် နည်းပညာဆိုင်ရာ လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ခွဲဝေဆောင်ရွက်ခြင်း၊

(၄) မွေးမြူရေးမြေအတွင်း စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း၊ မြက်ချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်အစာစက်ရုံများ၊ စွန့်ထုတ်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏ အဆိုပြုလွှာများအား လက်ခံခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေး လုပ်ငန်းကော်မတီသို့ စိစစ်တင်ပြခြင်း၊

(၅) မွေးမြူရေးမြေအတွင်း မွေးမြူရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများအား မွေးမြူသူနှင့် ရင်းနှီးမြှုပ်နှံသူများမှ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီမံပေးခြင်း၊

(၆) တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူရမည့်နေရာများ ခွဲခြားသတ်မှတ်ပေးခြင်း၊

(၇) မွေးမြူရေးမြေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရေးအတွက် စီမံကွပ်ကဲရေး အဆောက်အအုံ ဆောက်လုပ်ရန် မြေနေရာသတ်မှတ်ပေးခြင်း၊

(၈) မွေးမြူရေးမြေ လုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း။

(ဃ) အကြီးစားနှင့် အလတ်စား မွေးမြူရေးမြေအတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်ထားသော မွေးမြူရေးနေရာ၊ အကျယ်အဝန်းနှင့် ကောင်ရေ ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၂) ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်စေရန် ပညာပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၃) ဇီဝလုံခြုံမှုနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မွေးမြူခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၄) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းနှင့် အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်ခြင်း ရှိ မရှိ အခါအားလျော်စွာ စစ်ဆေးခြင်း၊

(၅) မွေးမြူရေးမြေဧရိယာအတွင်း မွေးမြူထုတ်လုပ်ခြင်းနှင့် မသက်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်မှု မရှိစေရန် စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၆) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မွေးမြူထုတ်လုပ်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၇) ကြီးကြပ်မှုလုပ်ငန်းကော်မတီအစည်းအဝေးကို အနည်းဆုံး ၁ လတစ်ကြိမ် ကျင်းပခြင်းနှင့် ကော်မတီဝင်အားလုံး၏ သဘောတူညီချက်ဖြင့် အစည်းအဝေးဆုံးဖြတ်ချက် အတည်ပြုချမှတ်ခြင်း၊

(၈) လုပ်ငန်းဆောင်ရွက်ချက်များကို မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း။

(င) အသေးစား မွေးမြူရေးမြေအတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်ထားသော မွေးမြူရေးနေရာ၊ အကျယ်အဝန်းနှင့် ကောင်းရေ ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၂) ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်စေရန် ပညာပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၃) ဇီဝလုံခြုံမှုနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မွေးမြူခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၄) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းနှင့် အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်ခြင်း ရှိ မရှိ အခါအားလျော်စွာ စစ်ဆေးခြင်း၊

(၅) မွေးမြူရေးမြေဧရိယာအတွင်း မွေးမြူထုတ်လုပ်ခြင်းနှင့်မသက်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်မှု မရှိစေရန် စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၆) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မွေးမြူထုတ်လုပ်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၇) ကြီးကြပ်မှုလုပ်ငန်းကော်မတီအစည်းအဝေးကို အနည်းဆုံး ၁ လတစ်ကြိမ် ကျင်းပခြင်းနှင့် ကော်မတီဝင်အားလုံး၏သဘောတူညီချက်ဖြင့် အစည်းအဝေးဆုံးဖြတ်ချက် အတည်ပြုချမှတ်ခြင်း၊

(၈) လုပ်ငန်းဆောင်ရွက်ချက်များကို မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း။

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသည် ဤအမိန့်ကြော်ငြာစာအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီများကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

မင်းနောင်

ဥက္ကဋ္ဌ

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၂ ခုနှစ်၊ အကောက်ခွန်ပြန်လည်သုံးသပ်မှုအမှတ်–၁၁**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| ဦးညီညီထွေး<br>လှည်းလမ်းကူးကျေးရွာ၊<br>ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။ | နှင့် | အကောက်ခွန်ဦးစီးဌာန၊<br>မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၊<br>ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။ |
| လျှောက်ထားသူအတွက်လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက်လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးကျော်လင်းမြိုင်<br>(ဌာနဆိုင်ရာကိုယ်စားလှယ်)၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်။ |

## စီရင်ချက်

အမှုမှာ ၁၅-၅-၂၀၂၁ ရက်နေ့ ၁၂:၃၀ နာရီအချိန်ခန့်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြဝင်း ဦးစီးသော ပူးပေါင်းအဖွဲ့ဖြင့် စစ်တောင်းတံတားထိပ်အနီး My Village စားသောက်ဆိုင်ရှေ့၌ ရပ်တန့်ထားသော မော်တော်ယာဉ်အမှတ် 7M-8860, Brand: Forland, Type: D/T (4x2) (L), Chassis No. LVBV 3PBBXGN 006876, Colour: Blue, Model: 2016, C/O: China ခန့်မှန်းတန်ဖိုးကျပ် ၁၀,၀၀၀,၀၀၀ အား ရှာဖွေစစ်ဆေးရာ တရားဝင်သက်သေခံအထောက်အထားတင်ပြနိုင်ခြင်းမရှိသော Budweiser Beer များကို တွေ့ရှိရသဖြင့် ၎င်းပစ္စည်းများသယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် အမိန့်အပေါ် ကျေနပ်မှုမရှိသဖြင့် အခွန်အယူခံခုံအဖွဲ့သို့ ယာဉ်ပိုင်ရှင် ဦးညီညီထွေးက အယူခံဝင်ရောက်ခဲ့သော်လည်း ခုံအဖွဲ့က မူလအမိန့်ကို အတည်ပြုပြီး အယူခံမှုကို ပလပ်လိုက်သဖြင့် ပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားသောအမှုဖြစ်ပါသည်။

လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက လျှောက်ထားတင်ပြရာတွင် ခုံအဖွဲ့၏ စီရင်ချက်တွင် "ဘီယာသည် တားမြစ်ကုန်ပစ္စည်းဖြစ်သည်မှာ ထင်ရှားကြောင်းသုံးသပ်ရရှိသည်" ဟူသောအချက်နှင့်စပ်လျဉ်း၍ အခင်းဖြစ်ယာဉ်ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (ပြည်ထောင်စုဝန်ကြီးရုံး) ၏ ၁၅-၆-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ဖြင့် အရေးယူခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအမိန့်ကြော်ငြာစာ၏ စာပိုဒ် ၂ (ဃ) တွင် "ကန့်သတ်ကုန်ပစ္စည်းဆိုသည်မှာ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းမပြုရန် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသည့် ကုန်ပစ္စည်းကိုဆိုသည်" ဟု ဖွင့်ဆိုထားပါကြောင်း တင်ပြသည်။

ဆက်လက်လျှောက်ထားရာတွင် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ သည် " သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသည့်ကုန်ပစ္စည်း" ဆိုသော စကားရပ်အတွင်း အကျုံးဝင်သက်ရောက်နေပါကြောင်း၊ ခုံအဖွဲ့က ဘီယာသည် တားမြစ်ကုန်ပစ္စည်းဖြစ်သည်ဟု သုံးသပ်ထားခြင်းသည် အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် မပါရှိသော စကားရပ်ကို ကောက်ယူသုံးသပ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းအမိန့်တွင် သုံးနှုန်းထားသည်မှာ " ကန့်သတ်တားမြစ်ထားသော ကုန်ပစ္စည်းများ" ဟူသော စကားရပ်သာဖြစ်ပါကြောင်း၊ အမိန့်တွင် "ကန့်သတ်ထားသော" သို့မဟုတ် "တားမြစ်ထားသော" ဟူ၍ ကွဲကွဲပြားပြားသုံးနှုန်းထားခြင်း မရှိသည်မှာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများ၊ စီးပွားရေးလာရောက်လုပ်ကိုင်ကြသည့် နိုင်ငံခြားသားများအတွက် Entertainment အဖြစ် အရက်၊ ဘီယာ၊ စီးကရက်၊ ဝိုင်တို့ကို ပြည်ပမှ တင်သွင်းခွင့်ပြုထားပြီး၊ ပုဂ္ဂလိက ပြည်သူတို့ကိုမူ တားမြစ်ထားသည့် သဘောရှိပါကြောင်း တင်ပြသည်။

ဆက်လက်၍ ခုံအဖွဲ့၏ စီရင်ချက်တွင် "အခင်းဖြစ်ယာဉ်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ နှင့် ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ အခန်း (၂) ပြစ်ဒဏ်သတ်မှတ်ချက်များ အပိုဒ် ၃၊ အပိုဒ်ခွဲ (က) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းမှာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်သည်ဟု သုံးသပ်ရရှိသည်" ဆိုသော ကောက်ယူချက်နှင့်စပ်လျဉ်း၍ မူလအယူခံမှုတွင် ဌာနဆိုင်ရာဘက်က ချေပတင်ပြရာ၌ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ၏ အပိုဒ် ၂ (ဂ) တွင် "ပိတ်ပင်တားမြစ်ကုန်ပစ္စည်းဆိုသည်မှာ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း သို့မဟုတ် ပြန်လည်တင်ပို့ခြင်း သို့မဟုတ် တစ်ဆင့်ဖြတ်သန်းကုန်သွယ်ခြင်းမပြုရန် တည်ဆဲဥပဒေတစ်ရပ်ရပ် ပြဋ္ဌာန်းသတ်မှတ်ထားသော

သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ပိတ်ပင်တားမြစ်ကုန်ပစ္စည်းကိုဆိုသည်” ဟု တင်ပြထားသော်လည်း၊ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် “ပိတ်ပင်တားမြစ်ကုန်ပစ္စည်း” ဟူ၍ သုံးနှုန်းထားခြင်းမရှိဘဲ “ကန့်သတ်တားမြစ်ထားသည့် ကုန်ပစ္စည်း” ဟူ၍သာ သုံးနှုန်းထားပါကြောင်း၊ ထိုသို့ မတင်မကျ မကွဲမပြား သုံးနှုန်းထားခြင်းကြောင့် နစ်နာရသည်ဆိုပါလျှင် အခွန်ထမ်းနိုင်ငံသား (လျှောက်ထားသူ) အား အသာပေးဆုံးဖြတ်ခြင်းက ပိုမို၍ တရားမျှတမှုကို ဖြစ်ထွန်းစေပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူက တင်ပြရာတွင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေတွင် shall be liable to confiscation (ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်) ဟူ၍သာ ပြဋ္ဌာန်းထားပြီး shall be confiscated (ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်) ဟူသော စကားရပ်မပါရှိသော်လည်း အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ တွင် “ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်” ဟု ရေးသားထားခြင်းသည် ပင်ရင်းဥပဒေ (Substantive Law) ၌ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ထက်ကျော်လွန်နေသဖြင့် ဥပဒေကြောင်းအရ မှားယွင်းနေပါကြောင်း၊ ဘီယာသည် ပြည်ပမှတင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းအဖြစ် ခုံအဖွဲ့က ကောက်ယူဆုံးဖြတ်ခဲ့သော်လည်း Duty Free Shop များ၊ Super Market များ၊ Store ဆိုင်ကြီးများ၌ Heineken, Corona Singha, Chang, Carlsberg အစရှိသည့် အမျိုးမျိုးသော ဘီယာများကို တရားဝင်ခင်းကျင်းရောင်းချနေကြသည်ကို တွေ့မြင်ကြရသဖြင့် ယာဉ်မောင်းသည် ၎င်းသယ်ဆောင်ခဲ့သော Budweiser Beer များသည်လည်း တရားဝင်ခွင့်ပြုထားသည်ဟု ယုံကြည်မိခြင်းမှာ သဘာဝကျပါကြောင်း တင်ပြသည်။

ဆက်လက်၍ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ အရ အခင်းဖြစ်ဘီယာများကို ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းလိုက်ခြင်းသည် ယင်းအမိန့်၏ ရည်ရွယ်ချက်အထမြောက်ပြီးဖြစ်သော်လည်း မော်တော်ယာဉ်ကိုပါ အပြီးအပိုင် ထပ်မံသိမ်းဆည်းခြင်းသည် လွန်စွာကြီးလေးသော ပြစ်ဒဏ်ဖြစ်ပါကြောင်း၊ ရွေးယူဒဏ်ကြေးဖြင့် ပြန်ရွေးယူခွင့်ပြုခြင်းသည်လည်း ပြစ်ဒဏ်ချမှတ်ခြင်းတစ်မျိုးဖြစ်ပါကြောင်း၊ အခင်းဖြစ်ဘီယာများကို ပိုင်ရှင်ကိုယ်တိုင် သယ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ တစ်ဆင့်ငှားရမ်းထားသည့်ကာလ၌ ဖြစ်ပွားခဲ့ခြင်း၊ ပြည်ပနိုင်ငံထုတ်ဘီယာအမျိုးမျိုးကို ဆိုင်ကြီးများ၌ ခင်းကျင်းရောင်းချလျက်ရှိခြင်း၊ ဘီယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်၍ ယာဉ်ကို ထပ်မံသိမ်းဆည်းခြင်းသည် လွန်စွာကြီးလေးသော ပြစ်ဒဏ်ဖြစ်သည့်အပြင် တရားမျှတမှုလည်းကင်းမဲ့နေခြင်း၊ ပင်ရင်းဥပဒေ၌အပ်နှင်းထားခြင်းမရှိသော လုပ်ပိုင်ခွင့်ကိုအမိန့်ကြော်ငြာစာ၌ သုံးစွဲထားခြင်းသည် ဥပဒေနှင့် ဆန့်ကျင်နေခြင်း၊ အလုပ်လက်မဲ့နည်းပါးစေရန် နိုင်ငံတော်က ကူညီဆောင်ရွက်ရမည်ဟု အာမခံချက်ပေးထားခြင်းတို့ကြောင့် လျှောက်ထားသူ၏ နစ်နာမှုကို ရုံးတော်က ကုစားပေးပါရန်၊ အကောက်ခွန်ဦးစီးဌာန၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းတာဝန်ခံ၏ ၁၆-၉-၂၀၂၁ ရက်စွဲပါ အမိန့်နှင့် ခုံအဖွဲ့၏ ၂၅-၃-၂၀၂၂ ရက်စွဲပါ စီရင်ချက်အမိန့်တို့ကို ရုံးတော်ကပယ်ဖျက်ပြီး အခင်းဖြစ်ယာဉ်အား သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်ရွေးယူခွင့်ပြုသည့် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ပါရန် လျှောက်ထားသည်။

လျှောက်ထားခံရသူအကောက်ခွန်ဦးစီးဌာန၊ ဌာနဆိုင်ရာကိုယ်စားလှယ်က ချေပလျှောက်လဲရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် “ ပြည်ပမှ တင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများအား ပြင်ဆင်သတ်မှတ်သည့်အမိန့်” အဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားခြင်းဖြစ်ပြီး အမိန့်ကြော်ငြာစာ၏ အပိုဒ် (၁) တွင် “ပို့ကုန်သွင်းကုန်ဥပဒေအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပမှ တင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်- (က) ဘီယာ (ခ) စီးကရက် (ဂ) တည်ဆဲဥပဒေအရ ကန့်သတ်၊ တားမြစ်ထားသည့် ကုန်ပစ္စည်းများ” ဖြစ်သည်ဟု ဖော်ပြထားသဖြင့် “ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်၊ တားမြစ်ထားသည့် ကုန်ပစ္စည်းများ” သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍

ပြည်ပမှတင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများအဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားခြင်းကြောင့် အဆိုပါ အခင်းဖြစ် ဘီယာများသည် ပြည်ပမှ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းများဖြစ်နေသည်မှာ ပေါ်လွင်ထင်ရှားနေပါကြောင်း တင်ပြသည်။

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ တွင် အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ) ၌ "ပိတ်ပင်တားမြစ်ကုန်ပစ္စည်းဆိုသည်မှာ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း သို့မဟုတ် ပြန်လည်တင်ပို့ခြင်း သို့မဟုတ် တစ်ဆင့်ဖြတ်သန်းကုန်သွယ်ခြင်းမပြုရန် တည်ဆဲဥပဒေ တစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ပိတ်ပင်တားမြစ်သည့်ကုန်ပစ္စည်းကိုဆိုသည်။" အပိုဒ်ခွဲ (စ) ၌ "ယာဉ်ဆိုသည်မှာ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို သယ်ဆောင်သော မည်သည့်ယာဉ်ကိုမဆို ဆိုသည်။" ဟု ပြဋ္ဌာန်းထားသည့်အပြင် အမိန့်ကြော်ငြာစာ၏ အပိုဒ် ၃၊ အပိုဒ်ခွဲ (က) အရ "သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းဖြစ်လျှင် တန်ဖိုးမည်မျှပင်ရှိစေကာမူ အသုံးပြုသည့်ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်" ဟု ပြဋ္ဌာန်းထားသဖြင့် ပြည်ပမှ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသည့် ဘီယာများကို သယ်ဆောင်ရာတွင် အသုံးပြုသည့် အခင်းဖြစ် မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြသည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၂၁၄/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်)

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ လှာကာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၀၃၆/ လှာကာကွင်း)၊ ဦးပိုင်ပေါင်း (၁၄) ခုရှိ မြေဧရိယာ ၃၇.၁၃ ဧကနှင့် မြေလွတ်ဧရိယာ ၂.၄၉ ဧက **မြေဧရိယာပေါင်း ၃၉.၆၂ ဧက၊** မြိုင်ကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၀၃၈/မြိုင်ကလေးရွာကြီးကွင်း)၊ ဦးပိုင်ပေါင်း (၂၇) ခုရှိ မြေဧရိယာ ၁၆.၉၄ ဧကနှင့် မြေလွတ်ဧရိယာ ၀.၂၄ ဧက **မြေဧရိယာပေါင်း ၁၇.၁၈ ဧက၊** ကွင်းအမှတ်/ အမည် (၁၀၃၉/မြိုင်ကလေးအနောက်ကွင်း)၊ ဦးပိုင်ပေါင်း (၉၃) ခုရှိ မြေဧရိယာ ၁၈၃.၆၆ ဧကနှင့် မြေလွတ် ဧရိယာ ၃.၉၅ ဧက **မြေဧရိယာပေါင်း ၁၈၇.၆၁ ဧက၊** ကွင်းအမှတ်/အမည် (၁၀၄၀/မြိုင်ကလေးတောင်ကွင်း)၊ ဦးပိုင်ပေါင်း (၆) ခုရှိ မြေဧရိယာ ၁၁.၅၇ ဧကနှင့် မြေလွတ်ဧရိယာ ၀.၂၅ ဧက **မြေဧရိယာပေါင်း ၁၁.၈၂ ဧက၊** ကွင်းအမှတ်/အမည် (၁၀၄၁/မြိုင်ကလေးရွာလေးကွင်း)၊ ဦးပိုင်ပေါင်း (၂၁) ခုရှိ မြေဧရိယာ ၁၄.၆၅ ဧကနှင့် မြေလွတ်ဧရိယာ ၁.၀၀ ဧက၊ သချိုင်းမြေဧရိယာ ၀.၅၈ ဧက **မြေဧရိယာပေါင်း ၁၆.၂၃ ဧက၊** ကွင်းအမှတ်/ အမည် (၁၀၄၂/မြိုင်ကလေးမြောက်ကွင်း)၊ ဦးပိုင်ပေါင်း (၁၀) ခုရှိ မြေဧရိယာ ၁၃.၅၀ ဧက **စုစုပေါင်းမြေဧရိယာ ၂၈၅.၉၆ ဧက** အား **မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၁) ဘိလပ်မြေစက်ရုံ (တန် ၉၀၀)** မြေနေရာ အဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့်မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၁၅/၂၀၂၃)

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၆၂၇/ပြင်ခေါင်)၊ မြေကွက်အမှတ် ( ၄၀၉၈/၅၅၁၈ ) ရှိ **မြေဧရိယာ ၅.၀၀ ဧက** အနက်မှ **မြေဧရိယာ ၀.၂၃ ဧက** အား ပြည်ထဲရေးဝန်ကြီးဌာန၊ ပုဏ္ဏားကျွန်းမြို့မရဲစခန်းက ပုဏ္ဏားကျွန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး မြေနေရာအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၃)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားလာပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ပုဏ္ဏားကျွန်းမြို့မရဲစခန်းက ပုဏ္ဏားကျွန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမြေနေရာအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၂၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၁၇/၂၀၂၃)

၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ ရွာထောင်ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၄၀-A/ဖန်ခါးပင်-အရှေ့)၊ ဦးပိုင်အမှတ် (၁၉/၃၃) ရှိ **မြေဧရိယာ ၄၆.၆၄ ဧက** အနက်မှ **မြေဧရိယာ ၁၀.၀၄ ဧက** ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ရန်အတွက် လွှဲပြောင်းပေးနိုင်ရေး နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၁)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အဝေးပြေးယာဉ်ရပ်နားစခန်းမြေနေရာအဖြစ် အသုံးပြုရန် လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၀.၀၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၁၈/၂၀၂၃)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ ရေဝေရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (A1/ရေဝေရပ်)၊ ဦးပိုင်အမှတ် (၂၆ခ) ရှိ **မြေဧရိယာ ၀.၇၇၀ ဧက** အနက်မှ **မြေဧရိယာ ၀.၁၇၂ ဧက** အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၂)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၁၇၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၁၉/၂၀၂၃)

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၆/ဘူတာရုံရပ်)၊ ဦးပိုင်အမှတ် (၁၁၇) ရှိ **မြေဧရိယာ ၂.၇၉၇ ဧက** အနက်မှ **မြေဧရိယာ ၀.၄၀၂ ဧက** ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့လည်းကောင်း၊ **မြေဧရိယာ ၁.၄၂၈ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ လည်းကောင်း လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၀)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ လွှဲပြောင်းပေးမည့် **မြေဧရိယာ ၀.၄၀၂ ဧက** နှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမည့် **မြေဧရိယာ ၁.၄၂၈ ဧက** တို့ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၂၀/၂၀၂၃)

ရှမ်းပြည်နယ်၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့၊ နောင်ပါရင်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၂က-N/မြို့မကွင်း)၊ ဦးပိုင်အမှတ် (၃၆၇) ရှိ **မြေဧရိယာ ၃.၃၀ ဧက** အနက်မှ **မြေဧရိယာ ၀.၂၃ ဧက** အား ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မိုင်းတုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမြေနေရာအဖြစ် အသုံးပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည် စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၂၁)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၂၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၂၁/၂၀၂၃)

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့နယ်၊ ရွာသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၅၇/မြို့ကလေး)၊ ဦးပိုင်အမှတ် (၁၀၇ᵃ) ရှိ **မြေဧရိယာ ၀.၆၂ ဧက** အနက်မှ **မြေဧရိယာ ၀.၁၁ ဧက** ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပိုလျှံ၍ အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပိုလျှံ၍ အသုံးပြုရန် မရှိသဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၁၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၂၂/၂၀၂၃)

နေပြည်တော်၊ လယ်ဝေးခရိုင်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်နှင့် အမည် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ ဦးပိုင်/မြေကွက်အမှတ် (B-၁၁) ရှိ **ရွှေစေတီတောရဘုန်းတော်ကြီးကျောင်း**

ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးဝဏ္ဏာခိုင် [၁၂/အစန (နိုင်) ၀၁၉၄၁၀] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၂၂၃/၂၀၂၃)**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၁၀/စဉ့်ကူးမြို့မ)၊ မြေကွက်အမှတ် (၂၉၃) ရှိ **မြေဧရိယာ ၀.၄၀၆ ဧက** ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၂)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၄၀၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၂၂၄/၂၀၂၃)**

ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၈၃/ကျုံဒိုးမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၂၆/၁၀) ရှိ **မြေဧရိယာ ၀.၁၅ ဧက** ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပိုလျှံစွန့်လွှတ်ခြင်းအနေဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၉)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံစွန့်လွှတ်ခြင်းအနေဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၁၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၂၂၅/၂၀၂၃)**

နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်နှင့် အမည် (၁/ဥတ္တရသီရိမြောက်ရပ်)၊ ဦးပိုင်/မြေကွက်အမှတ် (ဥ-၉) ရှိ **အရှင်ပညာစက္ကဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၁၈.၂၇ ဧက** အနက်မှ **၀.၂၃၈ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးသိန်းညွန့် [၉/ကပတ (နိုင်) ၀၂၉၉၃၆] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂၈/၂၀၂၃)**

မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) မ ၁၀၆၆ ဦးစီးအရာရှိ ဒေါ်သူသူဇင်အေး

(၂) မ ၁၀၆၇ ဦးစီးအရာရှိ ဒေါ်ချစ်ကေခိုင်

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ စက်နှင့် စက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရာတွင် အရည်အသွေးပြည့်မီသောအဆောက်အဦ၊ စက်ပစ္စည်းများရရှိရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **တင်ဒါကော်မတီ** အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဥက္ကဋ္ဌ | အခွန်အယူခံခုံအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ် | အခွန်အယူခံခုံအဖွဲ့ရုံး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ် | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယအမြဲတမ်းအတွင်းဝန် | ဝန်ကြီးရုံး | အတွင်းရေးမှူး |

၂။ အဆိုပါကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရယူမည့်ဝန်ဆောင်မှုနှင့် ဝယ်ယူမည့်ပစ္စည်းအတွက် အမျိုးအစား၊ အရည်အသွေး၊ အရေအတွက် မှန်ကန်မှု ရှိ မရှိ စိစစ်ခြင်း၊

(ခ) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ဂ) အထက်ပါတည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း ဆောင်ရွက်ချက်အဆင့်ဆင့်ကို အနီးစပ်ဆုံး ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဃ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(င) တင်ဒါကော်မတီက ရွေးချယ်သည့်ကုမ္ပဏီနှင့် ဝန်ဆောင်မှုရယူသည့်/ပစ္စည်းဝယ်ယူသည့်ဌာနတို့ စာချုပ်ချုပ်ဆိုပြီးနောက် တင်သွင်းလာသည့်ဝန်ဆောင်မှုပစ္စည်းများကို စာချုပ်ပါအချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှု ရှိ မရှိ အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ စစ်ဆေးစေခြင်း၊

(စ) အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်က သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး အတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်း ပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(ဇ) တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း၊

(ဈ) နမူနာတောင်းခံရန်လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ည) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဋ) တင်ဒါလုပ်ငန်းစဉ်များအား ထုတ်ပြန်ထားသောညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ နိုင်ငံတော်၏အကျိုးငှာ ပြည်တွင်းလျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ပူးတွဲစာရင်းပါ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှတင်သွင်းမှုအပေါ် အကောက်ခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့် ပြုလိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ပူးတွဲ

**အကောက်ခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုမည့် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများစာရင်း**

| စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|
| ၁ | နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်ပေးနိုင်သည့်အချပ်များ<br>[PV Module/Solar Module/PV Panel/Solar Panel/Solar Panel 92 Watt CIGS (Copper Indium Gallium Selenide)] |
| ၂ | နေရောင်ခြည်စွမ်းအင်သုံး ပေါင်းစပ်ထိန်းချုပ်ကိရိယာ<br>[PV/Solar (Hybrid/Smart Array) Controller, Charge Controller for PV/Solar] |
| ၃ | နေရောင်ခြည်စွမ်းအင်သုံး အင်ဗာတာ (စထရင်း/ပေါင်းစပ်/ဘက်ထရီ/နှစ်မျိုးသုံး/ပင်မ)<br>[PV/Solar Inverter (String/Hybrid/Battery/Bidirectional/Central)] |
| ၄ | အိမ်သုံးတပ်ဆင်မှုပုံစံများ (ခေါင်မိုးနှင့် မြေပြင်တွင် တပ်ဆင်ခြင်း)<br>[PV/Solar Mounted Structure, PV/Solar Mounted Frames, PV/Solar Mounted Kits (Roof and Ground Mounted)] |
| ၅ | နေရောင်ခြည်စွမ်းအင်တပ်ဆင်မှုစနစ် (ရေပေါ်တွင် တပ်ဆင်ခြင်း)<br>[PV/Solar Mounted System (Floating)] |
| ၆ | နေရောင်ခြည်စွမ်းအင်သုံး ထိန်းချုပ်ကိရိယာနှင့် ဘက်ထရီပုံး<br>(PV/Solar Controller and Battery Box)<br>(PV/Solar Controller နှင့် Battery တွဲလျက် တင်သွင်းခြင်းအတွက်သာ) |

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

အမှတ် ၂၇။ ဥပဒေရေးရာဝန်ကြီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ တရားမစွဲမိ ဥပဒေအကြံပေးရေးနှင့် တင်ပြချက်များစိစစ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွေး (ဥ/၂၄၇၈) လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား တာဝန်ဝတ္တရားများလက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဥပဒေရေးရာဝန်ကြီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

အမှတ် ၄၂။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၃) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၁၂) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|
| ၁။ | ဒေါ်အေးမြသန်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကျောက်တော်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မောင်တောခရိုင်ရုံး |
| ၂။ | ဒေါ်ဆွေဆွေအေး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ညောင်ရွှေမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ ရုံးချုပ် |
| ၃။ | ဒေါ်နုအေး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ငပုတောမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မော်လမြိုင်ကျွန်းမြို့နယ်ရုံး |
| ၄။ | ဒေါ်ခင်ဆွေဝင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ရေဦးမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရေဦးမြို့နယ်ရုံး |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|
| ၅။ | ဒေါ်ရီရီစိုး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကရင်ပြည်နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ ရုံးချုပ် |
| ၆။ | ဦးအေးလင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကျောက်ထုမြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စမ်းချောင်းမြို့နယ်ရုံး |
| ၇။ | ဒေါ်ဦးဆန်းကြည်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဒက္ခိဏခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပန်းဘဲတန်းမြို့နယ်ရုံး |
| ၈။ | ဒေါ်ညိုညိုဝင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မော်ထိုက်မြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး<br>(လောက်ကိုင်) |
| ၉။ | ဒေါ်ဝုန်လွန်းညောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ခိုင်ကမ်းမြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မင်္ဂလာဒုံမြို့နယ်ရုံး |
| ၁၀။ | ဒေါ်နန်းမျိုးဆောင်းကျော်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကျောက်တလုံးမြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>နမ္မတူမြို့နယ်ရုံး |
| ၁၁။ | ဦးစိုင်းကျော်ဝဏ္ဏ<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဖာပွန်ခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဖာပွန်ခရိုင်ရုံး |
| ၁၂။ | ဒေါ်နွယ်နွယ်အောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ရေစကြိုမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဇေယျာသီရိမြို့နယ်ရုံး |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

**မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ နိုင်ငံအတွင်း အသေးစားနှင့် အလတ်စားတိရစ္ဆာန်မွေးမြူသူများအတွက် အကျိုးအမြတ်ရရှိစေရေး၊ ပြည်တွင်းအသားကဏ္ဍ ဖူလုံစေရေးနှင့် ထုတ်ကုန်အရည်အသွေးမြင့်မားပြီး တိုးမြှင့်ထုတ်လုပ်နိုင်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အရင်းမပျောက်မတည်ထောက်ပံ့ငွေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကနဦးရင်းနှီးမြှုပ်နှံခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် မျှဝေပေးခြင်းဖြင့် အသားတိုးကြက်၊ ဥစားဘဲနှင့် အသားတိုးဝက် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်မွေးမြူလာစေရန် ရည်ရွယ်၍ **မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံခန့်ခွဲရေးဆိုင်ရာ)<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (သုတေသနနှင့် ကျန်းမာရေး)<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာနခွဲ<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြည်သူ့ကျန်းမာရေးဌာနခွဲ<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စီးပွားရေးရာအထောက်အကူပြုဌာနခွဲ
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဌ) နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဍ) ဒုတိယညွှန်ကြားရေးမှူးချုပ် (မွေးမြူရေးဆိုင်ရာအရင်းအမြစ်ဖွံ့ဖြိုးရေး) — အတွင်းရေးမှူး
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး(၁)
စီမံရေးရာဌာနခွဲ
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး (၂)
တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(တ) လက်ထောက်ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး (၃)
စီမံကိန်း၊ စာရင်းအင်း၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးနှင့်
သတင်းအချက်အလက်နည်းပညာဌာနခွဲ
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ **မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဗဟိုလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ချမှတ်ထားသော မူဝါဒ၊ စည်းကမ်း သတ်မှတ်ချက်၊ ညွှန်ကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီသို့ စီမံချက် အမြန်ဆုံးတင်ပြနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) ရန်ပုံငွေသုံးစွဲမှု အသေးစိတ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲရန်၊

(ဃ) ရန်ပုံငွေကိုတာဝန်ခံ၍ ထုတ်ယူခြင်း၊ သတ်မှတ်ချိန်တွင် အပြည့်အဝ ပြန်လည်ပေးသွင်းနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(င) နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ယူနစ်များ လျာထားသတ်မှတ်ပေးရန်၊

(စ) သတ်မှတ်ချက်နှင့်ကိုက်ညီ၍ တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းကော်မတီမှ စိစစ်ထောက်ခံတင်ပြလာသော အဆိုပြုလွှာများအား သင့် မသင့် စိစစ်ရွေးချယ်၍ ယူနစ်ပမာဏ သတ်မှတ်အတည်ပြုပေးရန်၊

(ဆ) ချေးငွေရရှိရေး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဇ) တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီမှ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး ရရှိချေးငွေများအား တိုင်းဒေသကြီး/ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ UFA (OA) သို့ လွှဲပြောင်းပေးအပ်ရန်၊

(ဈ) ချေးငွေဖြင့်ဆောင်ရွက်မည့် မွေးမြူရေးလုပ်ငန်းများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆက်စပ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းပေးရန်၊

(ည) တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းကော်မတီမှ တင်ပြလာသော အစီရင်ခံစာများကို စိစစ်ကြီးကြပ်သွားရန်၊

(ဋ) ချေးငွေစောင့်ကြည့်ကြပ်မတ်မှု (M&E) အစီအစဉ်များကို ရေးဆွဲဆောင်ရွက်ရန်၊

(ဌ) ရန်ပုံငွေသုံးစွဲရာတွင် လချုပ်စာရင်းများ၊ နှစ်ချုပ်စာရင်းများ ပြုစုထားနိုင်ရေး ကြီးကြပ်ပေးရန်၊

(ဍ) ချေးငွေသုံးစွဲရာတွင် သက်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး ကြီးကြပ်ပေးရန်၊

(ဎ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုအခြေအနေများကို တင်ပြနိုင်ရေး ဗဟိုလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ (၆) လတစ်ကြိမ် အစီရင်ခံစာတင်ပြရန်၊

(ဏ) မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဗဟိုကြီးကြပ်မှုကော်မတီသို့ လစဉ်အစီရင်ခံတင်ပြရန်၊

(တ) ချေးငွေဆိုင်ရာကိစ္စရပ်များအား တစ်နှစ်တစ်ကြိမ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးမှုခံယူနိုင်ရေး ကြီးကြပ်ပေးရန်၊

(ထ) မွေးမြူရေးထွက်ကုန်များ၏ ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(ဒ) သတ်မှတ်ချိန်အတွင်း ချေးငွေပြန်လည်ရရှိရေးအတွက် ကြပ်မတ်ရန်၊

(ဓ) ချေးငွေပြန်လည်မပေးသွင်းသူများအား ဥပဒေကြောင်းအရ တရားစွဲဆိုနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်၊

(န) လိုအပ်ပါက ကော်မတီများ၊ အဖွဲ့များ ထပ်မံဖွဲ့စည်းဆောင်ရွက်သွားရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၂၃)

### စိုက်ပျိုးမွေးမြူရေးစီမံကိန်း စိစစ်သုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော **နိုင်ငံ၏စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်** ဆိုသည့် မူဝါဒနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်၍ စိုက်ပျိုးရေးမွေးမြူရေး ကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန် ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေးစီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ စီမံကိန်းများအား စိစစ်သုံးသပ်ရန် **စိုက်ပျိုးမွေးမြူရေးစီမံကိန်းစိစစ်သုံးသပ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ခ ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန (တိုင်းဒေသကြီး/ ပြည်နယ်)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဂ ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန (စီမံ၊ စီမံကိန်း၊ ငွေစာရင်း)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( င ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( စ ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

( ဇ ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး (ငွေစာရင်း) — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး (ဘဏ္ဍာရေးဌာနခွဲ) — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဋ ) ဒုတိယညွှန်ကြားရေးမှူး (ငွေစာရင်း) — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဌ ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဍ ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး(၁)
စီမံကိန်းစိစစ်သုံးသပ်ရေးဌာနခွဲ
စီမံကိန်းဦးစီးဌာန

( ဎ ) အထွေထွေမန်နေဂျာ — တွဲဖက်အတွင်းရေးမှူး (၂)
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ **စိုက်ပျိုးမွေးမြူရေးစီမံကိန်းစိစစ်သုံးသပ်ရေးအဖွဲ့** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဗဟိုလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ချမှတ်သည့် မူဝါဒများအတိုင်း စီမံကိန်းအကောင်အထည်ဖော်မှုများအား စောင့်ကြည့်လေ့လာစိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ခ) မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် တောင်သူအစုအဖွဲ့တို့ ချုပ်ဆိုသော စာချုပ်၊ တိုင်းဒေသကြီးလုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် ဝယ်ယူကြိတ်ခွဲတင်ပို့သူများ ချုပ်ဆိုသော စာချုပ်၊ လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် သွင်းအားစုရောင်းချခြင်း လုပ်ငန်းစဉ်များအား စီမံကိန်းမူဘောင်နှင့် စီမံကိန်း အကောင်အထည်ဖော်ရေး စီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရန်၊

(ဂ) လစဉ်တိုးတက်မှုအစီရင်ခံစာများ၊ သုံးလပတ်အစီရင်ခံစာများနှင့် စီမံကိန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေများအား စီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲမှုစီမံချက်ပါ လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ငန်းကြီးကြပ်မှုကော်မတီအဆင့်ဆင့်မှ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရန်၊

(ဃ) (၆) လတစ်ကြိမ် မြေပြင်ကွင်းဆင်းစစ်ဆေးပြီး တိုးတက်မှုအစီရင်ခံစာတင်ပြခြင်း၊ နှစ်ချုပ်အစီရင်ခံစာတင်ပြခြင်းများအား ဆောင်ရွက်ရန်၊

(င) သက်ဆိုင်ရာ ကော်မတီများထံမှ လစဉ်အစီရင်ခံစာများတောင်းခံ၍ ဗဟိုလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ အစီရင်ခံတင်ပြခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၂၃)

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ **အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)** အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီး ယခင်ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၄၆၀/၂၀၂၂ ကို ဤအမိန့်စာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ဒုတိယအမြဲတမ်းအတွင်းဝန် (ဘဏ္ဍာရေး)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုလယ်ယာဦးစီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(ဋ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန

(ဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးသုတေသနဦးစီးဌာန

(ဍ) ဒုတိယပါမောက္ခချုပ် အဖွဲ့ဝင်
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

(ဎ) ဒုတိယပါမောက္ခချုပ် အဖွဲ့ဝင်
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

(ဏ) လက်ထောက်အတွင်းဝန် အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး

၂။ ဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊

(ခ) အဂတိလိုက်စားမှုပြုရန် အခွင့်သာစေသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(ဂ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးခြင်း၊

(ဃ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်တားဆီးရေးဆောင်ရွက်ခြင်း၊

(င) တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အစီအစဉ်များချမှတ်ခြင်း၊

(စ) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန်ဆောင်ရွက်ခြင်း၊ လိုအပ်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းခြင်း၊

(ဆ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်ထောင်စုဝန်ကြီး၏ အခါအားလျော်စွာ ညွှန်ကြားချက်များကို ဆောင်ရွက်ခြင်း၊

(ဇ) အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ လိပ်မူပေးပို့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့ခြင်း။

၃။ ဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိဖြစ်စေနိုင်သည့် နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုမှုဖြစ်ပေါ်လာသည့် ပြဿနာများကိုဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့်နေရာများတွင် မဖြစ်အောင်တားဆီးကာကွယ်ခြင်း စသည့်တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များကို လိုအပ်သလို ခွဲဝေတာဝန်ပေးအပ်နိုင်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၈/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၁ ရက်)

၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စာရင်းကိုင်-၂၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်ကျင်စိုးမြိုင် အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (စီမံ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်)

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ အောက်ဖော်ပြပါ ပုံဆွဲ-၁ (၂) ဦးတို့အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (ပုံဆွဲ) ရာထူးသို့ တိုးမြှင့်ခန့်ထား၍ ကနဦးလစာငွေ ကျပ် (၂၇၅,၀၀၀) ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်သည့် ရာထူး |
|---|---|---|
| (၁) | ဒေါ်ချိုနွယ်ဝင်း | ဦးစီးအရာရှိ (ပုံဆွဲ) |
| (၂) | ဒေါ်အိဖြူလှိုင် | ဦးစီးအရာရှိ (ပုံဆွဲ) |

**အမိန့်ကြော်ငြာစာအမှတ် (၁၅၄/၂၀၂၃)**

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်

အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ အောက်ဖော်ပြပါ ရုံးအုပ် (၃) ဦးတို့အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (စီမံ) ရာထူးသို့ တိုးမြှင့်ခန့်ထား၍ ကနဦးလစာငွေ ကျပ် (၂၇၅,၀၀၀) ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်သည့် ရာထူး |
|---|---|---|
| (၁) | ဒေါ်နွယ်နွယ်အောင် | ဦးစီးအရာရှိ (စီမံ) |
| (၂) | ဒေါ်အိလင်းသွယ် | ဦးစီးအရာရှိ (စီမံ) |
| (၃) | ဒေါ်နီနီဝင်း | ဦးစီးအရာရှိ (စီမံ) |

သောင်းဟန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၆ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

### ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများအား သတ်မှတ်ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာကို ပြင်ဆင်ခြင်း

ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများအား သတ်မှတ်ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာ (အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၂၀) အပိုဒ် ၃၊ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က)　လက်ဝတ်ရတနာအဖြစ် ပြုလုပ်ထားခြင်းမရှိသည့် စိန်အလွတ်များ

## အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၃)

### မှတ်ပုံတင်အရာရှိ ခန့်အပ်ခြင်း

၁။　စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၁၀ အရ မူပိုင်ခွင့်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးမိုးသွယ် အား မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကိုဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

၂။　မှတ်ပုံတင်အရာရှိသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၁၁ ပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၃)

### စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၁၀ အရ မူပိုင်ခွင့်ဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းများအား မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကိုဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာ စိမ့်သန္တာထွန်း | ညွှန်ကြားရေးမှူး | ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဌာနခွဲ |
| (ခ) | ဒေါက်တာ အေးသီရိဝေ | ညွှန်ကြားရေးမှူး | မူဝါဒနှင့် စီမံကိန်းဌာနခွဲ |
| (ဂ) | ဒေါက်တာ ခင်စန္ဒာဝင်း | ညွှန်ကြားရေးမှူး | စက်မှုဒီဇိုင်းမူပိုင်ခွင့်ဌာနခွဲ |
| (ဃ) | ဒေါက်တာ ဝင်းမာဦး | ညွှန်ကြားရေးမှူး | အေဂျင်စီရေးရာဌာနခွဲ |
| (င) | ဦးနေအောင်မျိုး | ဒုတိယညွှန်ကြားရေးမှူး | ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဌာနခွဲ |
| (စ) | ဦးအောင်သန်းထူး | လက်ထောက်ညွှန်ကြားရေးမှူး | ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဌာနခွဲ |
| (ဆ) | ဦးထွေးဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဌာနခွဲ |
| (ဇ) | ဦးသိန်းလင်း | လက်ထောက်ညွှန်ကြားရေးမှူး | ဥပဒေရေးရာနှင့် ကြားနာဖျန်ဖြေရေး ဌာနခွဲ |

၂။ စစ်ဆေးရေးအရာရှိများသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၁၂ ပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၂၃) ဆုံးဖြတ်ချက်အရ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ခင်လေးညို အား ဆေးသုတေသနဦးစီးဌာနသို့ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၃ ရက်)

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲမှ အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး) သို့ လစာနှုန်းတူရာထူးဖြင့် ပြောင်းရွှေ့တာဝန်ပေးအပ်ထားသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစန်းချို အား ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေး ဌာနခွဲ (၂) တွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဦးမင်းသိန်းဇံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**တင်ဒါကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်)

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ ပါ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ကြမ်းခင်းဈေးတွက်ချက်ရေး ကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ တို့အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ညွှန်ကြားရေးမှူး | အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | လက်ထောက်အတွင်းဝန် | ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | လက်ထောက်အတွင်းဝန် | စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူး | ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူး | အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

**( ခ ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ညွှန်ကြားရေးမှူး | စီမံကိန်း<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | လက်ထောက်အတွင်းဝန် | မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | လက်ထောက်အတွင်းဝန် | e-Government ဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူး | စီမံကိန်း<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူး | အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

**( ဂ ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | လက်ထောက်အတွင်းဝန် | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး | ဥက္ကဋ္ဌ |
| (၂) | ဒုတိယညွှန်ကြားရေးမှူး | မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး | ဟိုတယ်လုပ်ငန်းနှင့် ခရီးသွား<br>လုပ်ငန်းဆိုင်ရာကြီးကြပ်ရေးဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူး | စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူး | ခရီးသွားမြှင့်တင်မှုဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူး | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ<br>ဝန်ကြီးရုံး | အတွင်းရေးမှူး |

၂။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

( ခ ) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက် စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်းစသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

( ဂ ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်းအမျိုးအစား အလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့်ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

( င ) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

( စ ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

( ခ ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

( ဂ ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာ ဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိတို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

( င ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

( စ ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဆ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့်အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

( ဇ ) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၄။ အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် လုပ်ငန်းဆောင်ရွက်နေစဉ်နှင့် လုပ်ငန်းပြီးဆုံးချိန် များတွင် အရည်အသွေးများကိုစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

( ခ ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

( ဂ ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကိုလက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံ စာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

( င ) ပစ္စည်းအမျိုးအစား တစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ် သည့်ခုနှစ်၊ ထုတ်လုပ်သည့်ကုမ္ပဏီများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

( စ ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

လိုင်ဦး
ဥက္ကဋ္ဌ
တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာ (၉/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀-၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၄/၄၁၀-လွှဲပြောင်း/ပထဖ (၂၀၂၃) ခွင့်ပြုချက်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၈-၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၃ တို့အရ ၇-၃-၂၀၂၃ ရက်နေ့တွင် ရောက်ရှိသတင်းပို့လာသည့် အောက်ပါဆေးအဆင့်နိမ့်အီးအေ (၁/၂) အရာရှိ (၃) ဦးအား ၂၈-၃-၂၀၂၃ ရက်နေ့ ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၃) သဘောတူဆုံးဖြတ်ချက်အရ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့် ၇-၃-၂၀၂၃ ရက်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် အင်အားတိုးယူပြီး ဌာနစုမှူး (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာ၌ ခန့်ထားလိုက်သည်-

| စဉ် | ကိုယ်ပိုင်အမှတ် | အဆင့်၊ အမည် |
|---|---|---|
| (က) | ကြည်း ၅၉၉၄၀ | ဗိုလ်ကြီး ရဲရင့်ကို |
| (ခ) | ကြည်း ၇၁၀၂၄ | ဗိုလ်ကြီး သန့်သူဇော် |
| (ဂ) | ကြည်း ၇၃၁၆၂ | ဗိုလ်ကြီး ဇော်ဇော်အောင် |

### အမိန့်ကြော်ငြာစာ (၁၀/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၈-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့မှူးရုံး၏ ၂၉-၃-၂၀၂၃ ရက်စွဲပါ တပ်ဖွဲ့အမိန့်နှင့် ၃၁-၃-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၃) ဆုံးဖြတ်ချက်အရ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနမှ လ ၂၂၂၄၉၃ ရဲအုပ် စောကိုကို၊ လစာနှုန်း (၂၅၂,၀၀၀-၂,၀၀၀-၂၆၂,၀၀၀) အား ရဲအရာရှိအမှတ် ၈၅၄၆ ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့် ၂၉-၃-၂၀၂၃ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

တင်ဦးလွင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကယားပြည်နယ်အစိုးရအဖွဲ့

### ရုံးအမိန့်စာအမှတ် (၂၁/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်)

### ကယားပြည်နယ်အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁-၈-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၁၅၃/၂၀၂၁ အရ ကယားပြည်နယ်အစိုးရအဖွဲ့အား ၂-၈-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၁၃၆/၂၀၂၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ရာ

ကယားပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုအရ ကယားပြည်နယ်အစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဇော်မျိုးတင် | ပြည်နယ်ဝန်ကြီးချုပ် |
| (၂) | ကြည်း ၂၀၀၀ ဗိုလ်မှူးကြီး မြင့်ဝေ | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (၃) | ဦးစိန်ဦး | စီးပွားရေးရာဝန်ကြီး |
| (၄) | ဦးစောဟူးဟူး | သယံဇာတရေးရာဝန်ကြီး |
| (၅) | ဦးမြင့်ကြည် | လူမှုရေးရာဝန်ကြီး |
| (၆) | ရဲမှူးကြီး မောင်မောင်ဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (၇) | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး |
| (၈) | ဦးကြည်မြိုင် | ပြည်နယ်ဥပဒေချုပ် |
| (၉) | ဦးအုံမော်<br>ပြည်နယ်အုပ်ချုပ်ရေးမှူး | အတွင်းရေးမှူး |

ဇော်မျိုးတင်
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၃)**

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) တွင် ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးကို ကျော်ထောက်ပြု၍ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားခဲ့သော ဦးမျိုးသူရိန် (မစ-၁၄၄၃) အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့် ၂၀၂၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှစ၍ ယင်းရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၃)**

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၈-၂-၂၀၂၃ ရက်စွဲပါစာဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရောက်ရှိသတင်းပို့သည့် ၇-၃-၂၀၂၃ ရက်နေ့မှစ၍ ကော်မတီတွင်လစ်လပ်လျက်ရှိသည့် ဌာနများတွင် အမည်နှင့်ယှဉ်တွဲပါအတိုင်း ကိုယ်ပိုင်အမှတ်ပေးအပ်၍ ခန့်ထားလိုက်သည်-

| စဉ် | အမည်၊<br>ကိုယ်ပိုင်အမှတ် | ကူးပြောင်းလာသည့်<br>တပ်ရင်း | ခန့်အပ်သည့် ရာထူး၊<br>လစာနှုန်း၊ ဌာန | ပေးအပ်သည့်<br>ကိုယ်ပိုင်အမှတ် |
|---|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး<br>ဝဏ္ဏထွန်း<br>ကြည်း ၃၇၉၂၆ | အမှတ် (၄)<br>ခြေမြန်တပ်ရင်း<br>[တပ်မတော်အရိုး<br>ရောဂါအထူးကုဆေးရုံကြီး<br>ခုတင် (၅၀၀) တွဲဖက်] | လက်ထောက်ဌာနမှူး<br>(ဒုတိယညွှန်ကြားရေးမှူး)<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အင်ဂျင်နီယာဌာန<br>(ရေစီးရေလာစီမံခန့်ခွဲမှု) | မစ-၂၂၅၇ |
| ၂။ | ဗိုလ်ကြီး<br>ကျော်နိုင်ဝင်း<br>ကြည်း ၀၄၈၈၆ | အမှတ် (၅၇)<br>ခြေလျင်တပ်ရင်း<br>ရေကျော်မြို့ | ဌာနစုမှူး (ဦးစီးအရာရှိ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရာပြတ်ဌာန | မစ-၂၂၅၈ |

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၃)

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၉ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးဌာနတွင် ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားခဲ့သော ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဒေါက်တာ မြင့်သန်းထွန်း (မစ-၁၂၈၄) အား ၂၄-၂-၂၀၂၃ ရက်နေ့တွင် ကျင်းပသော ကော်မတီဝင်များအစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၆။ (က/၂၆) အရ အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၁၀-၃-၂၀၂၃ ရက်နေ့မှစ၍ ယင်းရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၃)

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနစုမှူး (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးတွင် အစမ်းခန့်ထားသော အောက်ဖော်ပြပါ ဌာနစုမှူး (ဦးစီးအရာရှိ) (၁၅) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | လက်ရှိရုံး၊ ဌာန |
|---|---|---|---|
| ၁။ | ဦးလင်းလက်အောင်ဟိန်း | မစ-၂၀၅၆ | ကော်မတီရုံး |
| ၂။ | ဦးထက်လူ | မစ-၂၀၅၇ | စီမံရေးရာဌာန |
| ၃။ | ဦးပြည်ဖြိုးသန့် | မစ-၂၀၅၈ | မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန |
| ၄။ | ဦးသီဟကိုကို | မစ-၂၀၅၉ | စီမံရေးရာဌာန |
| ၅။ | ဒေါ်ခင်မျိုးမြင့်ဝင်း | မစ-၂၀၆၀ | အင်ဂျင်နီယာဌာန (အဆောက်အအုံ) |
| ၆။ | ဒေါ်အိသဉ္စာကျော် | မစ-၂၀၆၁ | ကော်မတီရုံး |
| ၇။ | ဦးတည်လင်းခန့် | မစ-၂၀၆၂ | ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန |
| ၈။ | ဒေါ်မေသူခိုင် | မစ-၂၀၆၃ | ရာပြတ်ဌာန |
| ၉။ | ဦးထက်အောင်ဝင်း | မစ-၂၀၆၄ | အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) |
| ၁၀။ | ဦးသန့်စင်ညွန့် | မစ-၂၀၆၅ | ယာဉ်ယန္တရားစီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းရေးဌာန |
| ၁၁။ | ဒေါ်ဟေမာမြင့် | မစ-၂၀၆၆ | ကော်မတီရုံး |
| ၁၂။ | ဒေါ်သိမ့်သိမ့်ကို | မစ-၂၀၆၇ | အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) |
| ၁၃။ | ဒေါ်အိသန္တာဖော် | မစ-၂၀၆၈ | အင်ဂျင်နီယာဌာန (အဆောက်အအုံ) |
| ၁၄။ | ဒေါ်လဲ့ယမင်းကို | မစ-၂၀၆၉ | မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန |
| ၁၅။ | ဒေါ်ထက်ထက်ရီနွေဦး | မစ-၂၀၇၀ | ကော်မတီရုံး |

ဗိုလ်ဌေး

ဥက္ကဋ္ဌ (မြို့တော်ဝန်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ် – ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် (၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်)

အမှတ် ၆။ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဝက်ထိုးကွင်းအမှတ် (၆၈)၊ ချောင်းစောက်ကျေးရွာရှိ Ayeyarwaddy International Industrial Port မှတစ်ဆင့် မြန်မာ့အစေ့ထုတ်ပြောင်း တန်ချိန် (၅၀,၀၀၀) မှ (၆၀,၀၀၀) ခန့်ကို ထိုင်းနိုင်ငံ Kantang ဆိပ်ကမ်းသို့ တန်ချိန် (၃,၀၀၀) ပါ MCL ရေယာဉ်များဖြင့် တိုက်ရိုက်တင်ပို့ရန်အတွက် အဆိုပါဆိပ်ကမ်းအား ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်းအဖြစ် ၂-၅-၂၀၂၃ ရက်နေ့မှ ၁-၈-၂၀၂၃ ရက်နေ့အထိ (၃) လ သတ်မှတ်လိုက်သည်။

အမိန့်အာဏာ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁၅ (၂၉၅၁/၂၀၂၃)

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

### ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၄၆/၂၀၂၃)

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်)

၁။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူးများအား ၂၆-၄-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၃) ၏ သဘောတူညီချက်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၂၉၉၉/၂၀၂၃)ဖြင့် ခွင့်ပြုချက်တို့အရဦးစီးအရာရှိ/လစာနှုန်း(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)ရာထူးနေရာသို့ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဒေါ်ရွှေစင်ဝင်း |
| (ခ) | ဦးထွန်းဝေ |

| စဉ် | အမည် |
| --- | --- |
| (ဂ) | ဒေါ်သီတာဝင်း |
| (ဃ) | ဒေါ်ခိုင်ခိုင်ထွေး |
| (င) | ဒေါ်ဇာနည်ဝင်း |
| (စ) | ဒေါ်နှင်းပပလှိုင် |
| (ဆ) | ဦးအောင်သူရ |
| (ဇ) | ဒေါ်သင်းသင်းထိုက် |
| (ဈ) | ဦးအောင်ထိုက် |
| (ည) | ဒေါ်အင်ကြင်းမေ |
| (ဋ) | ဦးအောင်စစ်ကြို |
| (ဌ) | ဒေါ်သန္တာဦး |
| (ဍ) | ဒေါ်ခင်ခင်ဝင်း |
| (ဎ) | ဒေါ်ခက်ခက်ခိုင် |
| (ဏ) | ဒေါ်သက်နန္ဒာဝင်း |
| (တ) | ဒေါ်စုနန္ဒာ |
| (ထ) | ဒေါ်နန်းရွှေစင်အေး |
| (ဒ) | ဒေါ်ခင်မာဝင်း |
| (ဓ) | ဦးနေလင်းအောင် |
| (န) | ဒေါ်နန်းခက်ခက် |
| (ပ) | ဒေါ်မြတ်မိုးလှိုင် |
| (ဖ) | ဒေါ်မော်မော်စန်း |
| (ဗ) | ဒေါ်ပွင့်ဖြူဝင်း |
| (ဘ) | ဒေါ်သီတာအေး |
| (မ) | ဒေါ်သက်သက်ကျော် |
| (ယ) | ဒေါ်လေးလေးမြင့် |
| (ရ) | ဒေါ်ဥမ္မာတင် |
| (လ) | ဒေါ်သီတာငြိမ်း |
| (ဝ) | ဦးစန်းယုသောင်း |
| (သ) | ဦးကျော်ဇင်ထိုက် |
| (ဟ) | ဒေါ်တင်မာလာဦး |
| (ဠ) | ဒေါ်ခင်သိန်းကြည် |
| (အ) | ဒေါ်လှဲ့လှဲ့မြင့် |
| (ကက) | ဒေါ်အိအိစိုး |
| (ကခ) | ဒေါ်စုစုလှိုင် |
| (ကဂ) | ဒေါ်ဖြိုးဖြိုးသက်ဝေ |
| (ကဃ) | ဒေါ်စုစုမာ |
| (ကင) | ဒေါ်ဝေသန္တာစိုး |

၂။ အထက်ဖော်ပြပါ ဝန်ထမ်းများသည် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် ကနဦးလစာ ၂၇၅,၀၀၀/-အား စတင်ခံစားရန်ဖြစ်ပြီး ရာထူးစတင်လက်ခံဆောင်ရွက်သည့်နေ့အား ရုံးချုပ်၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲသို့ မပျက်မကွက်ပေးပို့တင်ပြရန်နှင့် နေရာချထားခြင်းအတွက် အမိန့် ဆက်လက်ထုတ်ပြန်မည်ဖြစ်သည်။

ဇော်နိုင်
ညွှန်ကြားရေးမှူးချုပ်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

## အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် (Public Ruling)

## အမှတ် (၁/၂၀၂၃)

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်)

**ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးရန်သတ်မှတ်ခြင်း**

### နိဒါန်း

၁။ ပြည်တွင်းထုတ်လုပ်မှုကိုအခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှု လုပ်ငန်းများအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ အခွန်ထမ်းများနှင့် အခွန်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရာတွင် ရှင်းလင်းမှုရှိစေရန်နှင့် တစ်ပြေးညီဖြစ်စေရန် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအများပြည်သူ သိရှိလိုက်နာရန်သတ်မှတ်ချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

၂။ ဤအများပြည်သူ သိရှိလိုက်နာရန်သတ်မှတ်ချက်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ ပြည်တွင်းအခွန်များဦးစီးဌာနအပေါ် စည်းနှောင်သက်ရောက်မှုရှိသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၃။ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများ အား ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ ကျင့်သုံးကြောင်း ရှင်းလင်းအသိပေးခြင်းဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၄။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း သို့မဟုတ်အသေးစားစက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူများအားလုံးအပေါ်တွင်အကျိုးသက်ရောက်စေရမည်။

### သက်ဆိုင်သည့်ဥပဒေပြဋ္ဌာန်းချက်

၅။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၂၉ နှင့်သက်ဆိုင်စေရမည်။

### လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်

၆။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၉ အရပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများသည် လုပ်ငန်းစတင်သောနှစ်အပါအဝင်

တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၅၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသဖြင့် အဆိုပါ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် သက်ဆိုင်ရာအခွန်ရုံးသို့ တင်ပြရာတွင် အောက်ဖော်ပြပါ မှတ်ပုံတင်လက်မှတ်မူရင်းကို မိတ္တူနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပါသည်-

(က) တိုင်းဒေသကြီး/ ပြည်နယ်များ၏ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းနှင့်စပ်လျဉ်းသော ဥပဒေများအရ မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ထုတ်ပေးသည့် "အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်"၊

(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေအရ မှတ်ပုံတင်ခြင်းဖြစ်ပါက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ထုတ်ပေးသည့် "အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်"၊

(ဂ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ခြင်းဖြစ်ပါက ထုတ်လုပ်မှုကိုအခြေခံသော လုပ်ငန်းဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသည့် "အသေးစား၊ အငယ်စားနှင့် အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်"၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မှတ်ပုံတင်ခြင်းဖြစ်ပါက ထုတ်လုပ်မှုကိုအခြေခံသော လုပ်ငန်းဖြစ်ကြောင်း သက်ဆိုင်ရာအေဂျင်စီက ထုတ်ပေးသည့် "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းမှတ်ပုံတင်လက်မှတ်" သို့မဟုတ် မှတ်ပုံတင်လက်မှတ်မရရှိသေးပါက စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသည့် "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအဖွဲ့ဝင်လက်မှတ်"။

၇။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၉ ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်သောကြောင့် **လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲ** နှင့်သက်ဆိုင်သည့် ဝင်ငွေနှစ်အား လုပ်ငန်းစတင်သောနှစ်အဖြစ်သတ်မှတ်ပြီး ယင်းဝင်ငွေနှစ်အတွက်မှစတင်၍ တစ်ဆက်တည်းသုံးနှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၈။ ထို့ပြင် အဆိုပါပုဒ်မ ၂၉ အရ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေမှ ကျပ်သိန်း ၁၅၀ အားနုတ်ပယ်၍ ကျန်ဝင်ငွေပမာဏအပေါ်တွင်သာ ပေးဆောင်ရမည့်ဝင်ငွေခွန်ကို တွက်ချက်သွားမည်ဖြစ်သောကြောင့် လုပ်ငန်းရှင်များအနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၀ နှင့်အညီ မိမိလုပ်ငန်းနှင့်စပ်လျဉ်းသည့် စာရင်းများနှင့်မှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။

၉။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်စေရန် အောက်ဖော်ပြပါ နမူနာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြအပ်ပါသည်-

**နမူနာ (၁)**

(က) **ဖြစ်စဉ်**။ ဦးမောင်မောင်သည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို ၁-၁-၂၀၂၁ ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့သော်လည်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းအား ၂၀၂၃ခုနှစ်တွင်ဆောင်ရွက်ခဲ့သောကြောင့်၎င်း၏လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါမှတ်ပုံတင်သည့်ရက်စွဲမှာ ၂၀-၄-၂၀၂၃ ရက်နေ့ဖြစ်ပါသည်။ ဦးမောင်မောင်သည် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်တွင် အဆိုပါလုပ်ငန်းမှ အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၂၀ ရရှိခဲ့ပါသည်။

( ခ ) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ဦးမောင်မောင်၏ လုပ်ငန်းမှတ်ပုံတင် လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲမှာ ၂၀-၄-၂၀၂၃ ရက်နေ့ဖြစ်သောကြောင့် ဦးမောင်မောင်သည် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ယင်းနေ့နှင့်သက်ဆိုင်သည့် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်အတွက်မှစ၍ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။ အဆိုပါဝင်ငွေနှစ်အတွက် ဦးမောင်မောင်၏ အသားတင် အမြတ်ဝင်ငွေမှာ ကျပ်သိန်း ၁၂၀ ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၉ အရ ကင်းလွတ်ခွင့်ရရှိသည့် အသားတင်အမြတ်ဝင်ငွေပမာဏမှာ ကျပ်သိန်း ၁၅၀ ဖြစ်သောကြောင့် ဦးမောင်မောင်အနေဖြင့် ယင်းဝင်ငွေနှစ်တွင် ဝင်ငွေခွန်ကျသင့်မည် မဟုတ်ပါ။

**နမူနာ (၂)**

(က) **ဖြစ်စဉ်။** ဦးမြသည် အသေးစားစက်မှုလက်မှုလုပ်ငန်းကို ၁-၅-၂၀၂၃ ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့ပြီး ယင်းနေ့၌ပင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ဦးမြ၏ လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲမှာ ၁-၅-၂၀၂၃ ရက်နေ့ဖြစ်ပါသည်။ ဦးမြသည် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်တွင် အဆိုပါလုပ်ငန်းမှ အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၃၀၀ ရရှိခဲ့ပါသည်။

( ခ ) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ဦးမြ၏ လုပ်ငန်းမှတ်ပုံတင် လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲမှာ ၁-၅-၂၀၂၃ ရက်နေ့ဖြစ်သောကြောင့် ဦးမြသည် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ယင်းနေ့နှင့်သက်ဆိုင်သည့် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်အတွက်မှစ၍ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။ အဆိုပါဝင်ငွေနှစ်အတွက် ဦးမြ၏ အသားတင်အမြတ်ဝင်ငွေမှာ ကျပ်သိန်း ၃၀၀ ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၉ အရ ကင်းလွတ်ခွင့်ရရှိသည့် အသားတင်အမြတ်ဝင်ငွေပမာဏမှာ ကျပ်သိန်း ၁၅၀ ဖြစ်သောကြောင့် ဦးမြအနေဖြင့် ယင်းဝင်ငွေနှစ်တွင် အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၅၀ အပေါ်၌သာ ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။

**နမူနာ (၃)**

(က) **ဖြစ်စဉ်။** ဦးအောင်သည် အလတ်စားစက်မှုလက်မှုလုပ်ငန်းကို ၁-၇-၂၀၂၂ ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့သော်လည်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းကို ၂၀၂၃ခုနှစ်တွင်ဆောင်ရွက်ခဲ့သောကြောင့် ၎င်း၏လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါမှတ်ပုံတင်သည့်ရက်စွဲမှာ ၁-၇-၂၀၂၃ ရက်နေ့ဖြစ်ပါသည်။ ဦးအောင်သည် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်တွင် အဆိုပါလုပ်ငန်းမှ အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၇၀၀ ရရှိခဲ့ပါသည်။

( ခ ) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ဦးအောင်၏ လုပ်ငန်းမှတ်ပုံတင် လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲမှာ ၁-၇-၂၀၂၃ ရက်နေ့ဖြစ်သောကြောင့် ဦးအောင်သည် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ယင်းနေ့နှင့်သက်ဆိုင်သည့် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်အတွက်မှစ၍ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။ အဆိုပါဝင်ငွေနှစ်အတွက် ဦးအောင်၏ အသားတင်အမြတ်ဝင်ငွေမှာ ကျပ်သိန်း ၇၀၀ ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၉ အရ ကင်းလွတ်ခွင့်ရရှိသည့် အသားတင်အမြတ်ဝင်ငွေပမာဏမှာ ကျပ်သိန်း ၁၅၀ ဖြစ်သောကြောင့် ဦးအောင်အနေဖြင့် ယင်းဝင်ငွေနှစ်တွင် အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၅၅၀ အပေါ်၌သာ ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။

၁၀။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၁၁။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

မင်းထွဋ်
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

# သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန

## ရုံးတွင်းအမိန့်အမှတ် (၁၆၃/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၄-၅-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၃) ၄-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၃၄၈/တမ-၁/၉၆/၂/၂၀၂၃ ဖြင့် သဘောတူဆုံးဖြတ်ချက်နှင့် ဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၈-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ဆသ-၁/ ဝထ (ရာထူး)/၂၀၂၃ (၆၆၉) ဖြင့် ခွင့်ပြုချက်အရ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ -၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၂) ဦးတို့အား ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်နေ့ (နံနက်ပိုင်း) မှစ၍ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်အင်ဂျင်နီယာ ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ဌာနအသီးသီးတွင် တာဝန်ချထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ကျဌာန | တိုးမြှင့်တာဝန်ချထားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဒေါ်နီနီအေး | ဂြိုဟ်တုဆက်သွယ်ရေးဌာန (ရန်ကုန်) | ဂြိုဟ်တုဆက်သွယ်ရေးဌာန (ရန်ကုန်) | |
| ၂ | ဒေါ်ခင်မိုးမိုးနိုင် | ဂြိုဟ်တုဆက်သွယ်ရေးဌာန (ရန်ကုန်) | ဂြိုဟ်တုဆက်သွယ်ရေးဌာန (ရန်ကုန်) | |

## ရုံးတွင်းအမိန့်အမှတ် (၁၆၄/၂၀၂၃)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၄-၅-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၃) ၄-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၃၄၈/တမ-၁/၉၆/၂/၂၀၂၃ ဖြင့် သဘောတူဆုံးဖြတ်ချက်နှင့် ဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၈-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ဆသ-၁/ ဝထ (ရာထူး)/၂၀၂၃ (၆၆၉) ဖြင့် ခွင့်ပြုချက်အရ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၇) ဦးတို့အား ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်နေ့ (နံနက်ပိုင်း) မှစ၍ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိရာထူးသို့ အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ဌာနအသီးသီးတွင် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ကျဌာန | တိုးမြှင့်ချထားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးမျိုးအောင်ခိုင် | ဥပဒေ/ နိုင်ငံတကာ/ ပြန်ကြားရေးဌာန (ရန်ကုန်) | ဥပဒေ/ နိုင်ငံတကာ/ ပြန်ကြားရေးဌာန (ရန်ကုန်) | |
| ၂ | ဒေါ်ယဉ်သီတာမြိုင် | ဥပဒေ/ နိုင်ငံတကာ/ ပြန်ကြားရေးဌာန (ရန်ကုန်) | သတင်းလုံခြုံရေးဌာန (နေပြည်တော်) | |
| ၃ | ဒေါ်နေနီယာဝင်း | အမျိုးသားဆိုက်ဘာလုံခြုံရေး ဗဟိုဌာန (နေပြည်တော်) | အမျိုးသားဆိုက်ဘာလုံခြုံရေး ဗဟိုဌာန (နေပြည်တော်) | |
| ၄ | ဒေါ်လွင်လွင်အောင် | အမျိုးသားဆိုက်ဘာလုံခြုံရေး ဗဟိုဌာန (နေပြည်တော်) | အမျိုးသားဆိုက်ဘာလုံခြုံရေး ဗဟိုဌာန (နေပြည်တော်) | |
| ၅ | ဦးဇော်ဝင်းအောင် | ဥပဒေ/ နိုင်ငံတကာ/ ပြန်ကြားရေးဌာန (ဘုရင့်နောင်) | ဥပဒေ/ နိုင်ငံတကာ/ ပြန်ကြားရေးဌာန (ဘုရင့်နောင်) | |
| ၆ | ဒေါ်ဥမ္မာမြင့်သိန်း | ဥပဒေ/ နိုင်ငံတကာ/ ပြန်ကြားရေးဌာန (ရန်ကုန်) | သတင်းလုံခြုံရေးဌာန (နေပြည်တော်) | |
| ၇ | ဒေါ်ယဉ်မင်းသန့် | စီမံ/ ဘဏ္ဍာ/ ထောက်ပံ့ဌာန (နေပြည်တော်) | စီမံ/ ဘဏ္ဍာ/ ထောက်ပံ့ဌာန (နေပြည်တော်) | |

စိုင်းစောလင်းထွန်း
ခေတ္တညွှန်ကြားရေးမှူးချုပ်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်<br>(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### ၂၀၂၀ ပြည့်နှစ် Insolvency Law အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းဆဲ Chate Sat Yar Company Limited ထံမှရရန်ရှိသည့် ကြွေးမြီများ လာရောက်တောင်းခံကြပါရန် အသိပေးကြေညာခြင်း (Insolvency Law ပုဒ်မ ၂၀၁ နှင့် Insolvency နည်းဥပဒေပုဒ်မ ၈၇ အရ)

ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၁၆၅၁၁၀၉၆) ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော Chate Sat Yar Company Limited ၏ အစုရှယ်ယာရှင်များသည် ကုမ္ပဏီရုံးခန်း၌ ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့ နံနက် (၉:၀၀) တွင် အစုရှယ်ယာရှင်များပါဝင်သော အထွေထွေအစည်းအဝေး၌ ကုမ္ပဏီအား ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

အဆိုပါဆုံးဖြတ်ချက်တွင် ဒေါ်မေသူလှိုင် (လက်မှတ်ရပြည်သူ့စာရင်းကိုင် စဉ်–၁၄၄၉) (လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်းဝင်အမှတ်–၀၀၀၇၅) အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအဝဝတို့ကို ပြုလုပ်ရန်နှင့် ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များ၊ ပိုင်ဆိုင်မှုများနှင့် ရရန်ပိုင်ခွင့်များအား စီမံခန့်ခွဲပေးရန်အတွက် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။

သို့ပါ၍ Chate Sat Yar Company Limited အား ပေးရန်၊ ရရန်ရှိသည်များကို တောင်းဆိုသူများအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့ထက် နောက်မကျစေဘဲ နံနက် ၉:၀၀ မှ ညနေ ၅:၀၀ အတွင်း Chate Sat Yar Company Limited မှ ခန့်အပ်ထားသော စာရင်းရှင်းလင်းရေးအရာရှိထံ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက် သက်သေခံအထောက်အထားပုံစံတွင် ဖြည့်သွင်းလျက် ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့် တကွ ဆက်သွယ်တင်ပြတောင်းဆိုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။


ဒေါ်မေသူလှိုင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
လက်မှတ်ရပြည်သူ့စာရင်းကိုင် စဉ်–၁၄၄၉
လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ
အသင်းဝင်အမှတ်–၀၀၀၇၅
ဖုန်း–၀၉၂၅၆၀၆၆၅၀၄
လိပ်စာ–အမှတ် ၂၀၉၊ ပါရမီလမ်း၊ (၅) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကြယ်နီလာ နဂါး ကုမ္ပဏီလီမိတက်

## (Star Sapphire Dragon Co.,Ltd)

### အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကြယ်နီလာ နဂါး ကုမ္ပဏီလီမိတက်(Star Sapphire Dragon Co.,Ltd)** အား (၉-၆-၂၀၂၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မြင့်မြင့် (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်
B.Com, CPA
Thaungaye & Associates Ltd
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်း (၁၅၇)၊ (၁၀) ရပ်ကွက်၊ ၄၇ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-09-255594353

No. (5992), Shwe Inngyin Street, Oattarathiri Township, 15011, Naypyitaw.
Tel: (95)-673417887, Email : starsapphiredragoncoltd@gmail.com

## MYANMAR UNITECH INTERNATIONAL COMPANY LIMITED

### (အစုရှင်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၂၀၂၀ အရ
### နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

**MYANMAR UNITECH INTERNATIONAL COMPANY LIMITED** ၏ အပြီးသတ်စာရင်းရှင်းလင်း ဖျက်သိမ်းရန်အတွက် နောက်ဆုံးအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ်-၁၉ ရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်းတွင် (၂၃-၆-၂၀၂၃) ရက်နေ့ နံနက် (၁၁:၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ကုမ္ပဏီ၏ အဖွဲ့ဝင်အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများအား တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဒေါ်မျိုးနေဇာ
B.A (Eco), CPA (PA-1440)
MAIP-00099
လက်မှတ်ရပြည်သူ့စာရင်းကိုင်